## Digital Money Myanmar ကုမ္ပဏီ လီမိတက် ၏ အစုရှယ်ယာများအား ရောင်းချခြင်း

ဖတ်(စ်) မြန်မာအင်ဗက်(စ်)မဲ့(န်) ကုမ္ပဏီ လီမိတက် ( "ကုမ္ပဏီ"နှင့် ၎င်း၏လက်အောက်ခံ ကုမ္ပဏီများ၊ "ကုမ္ပဏီအုပ်စု") ၏ ဒါရိုက်တာအဖွဲ့သည် Digital Money Myanmar Co., Ltd. ("Wave Money") တွင် ပိုင်ဆိုင်သည့် အစုရှယ်ယာ ၃၄ % ကို ၂၀၁၈ ခုနှစ်၊ မတ်လ၊ ၅ ရက်တွင် Yoma Strategic Investments Ltd. ("Yoma Strategic") သို့ အမေရိကန်ဒေါ်လာ ၁၉.၄ သန်းတန်ဖိုးဖြင့် ရောင်းချရန် နှစ်ဘက် ဖြည့်ဆည်းရမည့် အချက်များပါဝင်သည့် အရောင်းအဝယ် စာချုပ်ကို ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။

### အရောင်းအဝယ်ဆိုင်ရာအချက်အလက်များ

Wave Money ကုမ္ပဏီ သည် တယ်လီနော ကုမ္ပဏီ၊ ရိုးမဘဏ် နှင့် FMI ကုမ္ပဏီ တို့အကြား ဖက်စပ်ဆောင်ရွက်သည့် မြန်မာနိုင်ငံ၏ ပထမဆုံးလိုင်စင်ရ မိုဘိုင်းလ် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းဖြစ်ပြီး ဒီဂျစ်တယ် ငွေလွှဲပြောင်းခြင်းနှင့်ငွေပေးချေမှုစနစ် ကဲ့သို့သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကို နိုင်ငံတစ်ဝန်းရှိ ကိုယ်စားလှယ်ပေါင်း ၂၀,၀၀၀ ကျော်ရှိသော ကွန်ရက်ဖြင့် ဝန်ဆောင်မှု ပေးနေသည့် ကုမ္ပဏီ တစ်ခုဖြစ်ပါသည်။ ယခုရောင်းချမှုမှ ရရှိသော ငွေများကို Wave Money ကုမ္ပဏီရှယ်ယာများအား FMI ကုမ္ပဏီမှ ဝယ်ယူစဉ်တွင် FMI ကုမ္ပဏီနှင့် ရိုးမဘဏ်တို့အကြားရှိပြီးဖြစ်သောသဘောတူညီမှုနှင့်အညီ ရိုးမဘဏ်သို့ ပြန်လည်ပေးချေရာ တွင်အသုံးပြုသွားရန် ရည်ရွယ်ထားပါသည်။

သို့ဖြစ်၍ စာချုပ်အရ ဖြည့်ဆည်းရန် အချက်အလက်များ ပြီးစီးပါက အရောင်းအဝယ်ပြီးမြောက်ချိန်တွင် FMI ကုမ္ပဏီ၏ Wave Money တွင် ပိုင်ဆိုင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | ရောင်းချခြင်းမပြုမီ ပိုင်ဆိုင်မှု | ရောင်းချပြီးနောက် ပိုင်ဆိုင်မှု |
|---|---|---|
| FMI ကုမ္ပဏီလီမိတက် | ၄၄% | ၁၀% |

**ထည့်သွင်းစဉ်းစားသည့်အချက်များ**

ယခု ရောင်းချမှု မှ FMI ကုမ္ပဏီ ၏ပင်မထောက်တိုင်တစ်ခုဖြစ်သည့် ဘဏ္ဍာရေးဝန်ဆောင်မှု ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်ရန် အတွက် ငွေပင်ငွေရင်းအသစ်များ ရရှိစေမည်ဖြစ်သည့်အပြင် FMI ကုမ္ပဏီ နှင့် မိတ်ဖက်ဖြစ်သည့် Yoma Strategic မှ Wave Money ကုမ္ပဏီ တွင် မဟာဗျူဟာမြောက်ထည့်ဝင် ရင်းနှီးမြှုပ်နှံ ခြင်းဖြင့် Wave Money ကုမ္ပဏီ၏ ရေရှည်အလားအလာ ပိုမိုကောင်းမွန်တိုးတက်ဖွံ့ဖြိုးမည်ဖြစ်ပါသည်။ ယခု ရောင်းချမှု သည် ကုမ္ပဏီ နှင့် လက်အောက်ခံ ကုမ္ပဏီခွဲများအပေါ် တစုံတရာ ထိခိုက်ခြင်း မရှိကြောင်း ကိုလည်း FMI ကုမ္ပဏီမှ သိရှိ နားလည်ပြီး ဖြစ်ပါသည်။

**ဂရုပြုရန်**

အပြီးသတ်သဘောတူ စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်သော်လည်း ရောင်းချမှုအပြည့်အဝပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းရပ်များကျန်ရှိနေသေးကြောင်း ဒါရိုက်တာအဖွဲ့အနေဖြင့် အစုရှယ်ယာဝင်များအား အသိပေးအပ်ပါသည်။ သို့ဖြစ်၍ အစုရှယ်ယာရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကုမ္ပဏီ၏ အစုရှယ်ယာများကို ရောင်းဝယ်ရာတွင် ဂရုပြုဆောင်ရွက်ကြပါရန် အသိပေး အပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

ဦးထွန်းထွန်း
အလုပ်အမှုဆောင် ဒါရိုက်တာ
၂၀၁၈ ခုနှစ် မတ်လ ၆ ရက်


First Myanmar Investment Co., Ltd.
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm

## SALE OF SHARES IN DIGITAL MONEY MYANMAR CO., LTD.

The Board of Directors of First Myanmar Investment Co., Ltd. (the "Company" and with its subsidiaries, the "Group") wishes to announce that the Company has on 5 March 2018 entered into a conditional sale and purchase agreement in relation to the sale of its 34% equity stake in Digital Money Myanmar Co., Ltd. ("Wave Money") to Yoma Strategic Investments Ltd. ("Yoma Strategic"), for a consideration of US$19.4 million.

**Transaction**

Wave Money is the first mobile financial services licensed provider in Myanmar of the partnership between Telenor Group[1], Yoma Bank Limited ("Yoma Bank"), and the Company. It offers a wide range of mobile financial services such as digital money transfer and payment platform through its network of more than 20,000 agents across the country[2].

Upon the completion of the Transaction, the Company intends to utilize the consideration to fulfil its payment obligations to Yoma Bank in accordance with the terms and conditions of the definitive agreement relating to the acquisition of shares in Wave Money by the Company.

The Company's shareholding in Wave Money immediately before and after the satisfaction of conditions precedent and completion of the Transaction are as follows:

| | Shareholding Before the Transaction | Shareholding After the Transaction |
|---|---|---|
| The Company | 44% | 10% |

**Rationale**

This Transaction will provide the Company with funds to reinvest in its financial services pillar. Having our affiliated company Yoma Strategic[3] as the strategic investor in Wave Money, we look forward optimistically to the growth of the Wave Money business and its brand.

[1] Telenor South East Asia Investment Pte. Ltd. ("**TSE**"), Telenor Go Pte. Ltd. ("**TnGO**"), Telenor Global Services Singapore Pte. Ltd. ("**TGS**") are shareholders of Wave Money (TSE, TnGO and TGS shall collectively be known as, "**Telenor Group**")

[2] Information from Wave Money's research and internal data

[3] Yoma Strategic Investments Ltd., a wholly-owned subsidiary of Yoma Strategic Holdings Ltd. which is listed in the mainboard of the Singapore Exchange.

The Company does not expect that this Transaction will have any material adverse effect on the operations of the Company and its subsidiaries.

**Cautionary Statement**

The Directors of the Company would like to advise shareholders that, although the Agreement has been entered into, completion is subject to conditions precedent. Therefore, shareholders and potential investors are advised to exercise with caution when dealing in the Company's shares.

By Order of the Board

Tun Tun
Executive Director

6 March, 2018

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm